# ၈၁ ဝိတက်စရိုက်ရှိသူတို့အတွက် ကျင့်သုံးနည်း ၈၃

(စူဠဗျူဟသုတ်၊ သုတ္တနိပါတ်၊ ၄၁၅)

မေး ▶ ဒီအယူသိမှ မြင်မှန်ရ ပယ်ကလူညံ့ဆိုကြသည်။
ကိုယ့်အယူပဲ ပြင်းထန်စွဲ ကွဲလွဲငြင်းခုန်နေကြသည်။
ဘယ်ဝါဒသာ မှန်ကန်စွာ သစ္စာဝါဒဖြစ်မည်နည်း။

ဖြေ ❋ သူများတရား ပြစ်ပယ်ရှား ဉာဏ်အားနိမ့်သူဖြစ်ပါလျှင်။
အားလုံးသူတို့ ဉာဏ်မြင်ချို့ ဖြစ်ဖို့ရာသာပင်။
ပုဂ္ဂိုလ်အများ ဉာဏ်မြင်ကား ထင်မှားနေခြင်းကြောင့်သာပင်။
ကိုယ့်အယူသာ စင်ကြယ်ကာ မှန်စွာဖြစ်ခဲ့လျှင်။
အားလုံးသူမှာ ဉာဏ်ပညာ မှန်စွာရှိဖို့ပင်။

**နှစ်ဖက်ကွဲပြား ပုဂ္ဂိုလ်များ စကားနှိမ်ကြရာ။**
**ယင်းအယူများ အမှန်ထား မှတ်သားမပြောပါ။**

မေး ▶ မှန်ကန်ဝါဒ အချို့က ဖော်ပြပြောဆိုသည်။
အခြားသူများ ယင်းတရား အမှားဆိုကြသည်။
ကိုယ့်အယူသာ စွဲမြဲစွာ ကိုင်ကာငြင်းခုံသည်။
အမှန်တရားမှာ တစ်ခုသာ များစွာဘယ့်ကြောင့် ဟောသနည်း?

ဖြေ ❋ အမှန်တရားဟာ တစ်ပါးသာ ခြားမှာမရှိပေ။
အမှန်တရား သိမြင်သွား ကွဲပြားငြင်းခုံ မရှိပေ။
များပြားထွေထွေ တရားတွေ ထင်ခြေတွေးဆ ဟောကြလေ။
ထို့ကြောင့်သာလျှင် များပြားပင် ထွင်ကာဟောကြပေ။

မေး ▶ ပညာရှိပါ ဝန်ခံကာ သန်စွာဟောကြ အသီးသီး။
ဘာကြောင့်သစ္စာ များပြားစွာ ဟောကာနေကြပါသနည်း?
ထွေထွေကွဲပြား သစ္စာများ ကြားနာဘူးလို့ ဟောသလော?
ကိုယ့်အတွေးအထင် ကြံဆင်ခြင် အစဉ်လိုက်ကာ ဟောသလော?

ဖြေ ❋ အမြဲတည်နေ သစ္စာတွေ ထွေထွေများပြား မရှိချေ။
သညာကြောင့်သာ လောကမှာ သစ္စာအများ ဟောကြပေ။
ကြံစည်တွေးဆ ကိုယ့်ဝါဒ မှုချမှန်သည် ဆိုကြချေ။
အခြားဝါဒကား ချွတ်ယွင်းမှား ကွဲပြားနှစ်ထွေ ဟောကြပေ။

မြင်ကြားကာတွေ့ ကျင့်အလေ့ မှီ၍ပြစ်မြင်ရာ။
ပြစ်မြင်သော်လဲ ဆုံးဖြတ်ထဲ တည်မြဲတည်နေကာ။
ကျွမ်းကျင်ကင်းပ လူ့ဗာလ ရှုတ်ချပြောပါ ခြားသူမှာ။

အယူကွဲပြား သူတစ်ပါး စိတ်ထားထင်သေးစွာ။
မိမိကိုယ်ပင် တတ်ကျွမ်းကျင် ဂုဏ်တင်ပြောဆိုရာ။
မိမိယူသာ စွဲမြဲစွာ ယုံကာပြောဆိုပါ။

အကြောင်းလက္ခဏာ ဌာနမှာ လွန်ကာယူဆ နှစ်ကင်းစွ။
မိမိအယူ ပြင်းထန်သူ မာန်မူတက်ကြွ မောက်မာလှ။
ကိုယ့်ကိုယ်ကိုပင် ပညာရှင် စိတ်ထင်ကြီးနေစွ။

အယူကွဲပြား ပုဂ္ဂိုလ်များ လွဲမှားအကျင့်တွေ။
ကိုယ့်အယူသာ ထင်ကြီးကာ လွန်စွာစွဲလမ်းနေ။

မိမိယူသာ စင်ကြယ်ပါ ခြားမှာ မသန့်ပေ။
ကိုယ့်အယူသာ ခိုင်ခိုင်မြဲ လွန်ကဲယုံကြည်နေ။
ကိုယ့်ဝါဒသာ ခိုင်မာစွာ စွဲကာနေကြလျှင်။
ဘယ်သူ့ကိုမှ လူ့ဗာလ ရှုတ်ချဆိုဖွယ် မရှိပင်။

အယူကွဲပြား သူတစ်ပါးကို ဉာဏ်ကားကင်းသူ မစင်သူ ပြစ်ယူဆိုခဲ့လျှင်။
ငြင်းခုံဖို့ရာ ကိုယ်တိုင်သာ ရောက်လာသူဟု မှတ်ယူရမည်ပင်။

အယူသည်းသူ အမှားယူ စွဲယူချိန်ဆကာ။
သို့ဖြစ်လာကုန် လောကဘုံ ငြင်းခုံခြင်းသို့ ရောက်လေရာ။
ယုံမှားဆုံးဖြတ် အရပ်ရပ် ပယ်ဖြတ်ကင်းစေလျှင်။
ထိုပုဂ္ဂိုလ်ဟာ လောကမှာ ငြင်းတာမရှိပင်။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ်  - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org